## Fifth Sunday in Ordinary Time - C

**1st READING:** ***Is 6:1-2a, 3-8***

ဟေရှာယအနာဂတ္တိကျမ်း   ၆း ၁–၈

ဩဇိမင်းကြီးအနိစ္စရောက်သောနှစ်တွင်၊ ထာဝရဘုရားသည်အလွန်မြင့်မြတ်သောပလ္လင်ပေါ်မှာထိုင်တော်မူသည်ကိုငါမြင်၏။ အဝတ်တော်တန်ဆာသည်ဗိမာန်တော်ကိုဖြည့်လေ၏။ကောင်းကင်တမန်သရပ်တို့သည်ပလ္လင်တော်တဘက်တချက်၌ရပ်နေကြ၏။ သူတို့သည်အတောင်ခြောက်ခုစီရှိ၍၊ အတောင်နှစ်ခုဖြင့်မျက်နှာကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ခြေတို့ကိုဖုံးလျက်၊ အတောင်နှစ်ခုဖြင့်ပျံတတ်ကြ၏။ သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားသည်သန့်ရှင်းတော်မူ၏။ မြေကြီးလုံးသည်ဘုန်းတော်နှင့်ပြည့်လေ၏ဟုတပါးကိုတပါးကြွေးကြော်၍ မြွက်ဆိုကြ၏။ ထိုသို့သောကြွေးကြော်သံကြောင့်၊ တံခါးတိုင်တို့သည်လှုပ်ရှား၍မီးခိုးနှင့်တအိမ်လုံးပြည့်လေ၏။ ငါကလည်းငါ၌အမင်္ဂလာရှိ၏။ ငါအကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည်ညစ်ညူးသောနှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသောလူမျိုးတွင်နေလျက်နှင့်၊ ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရားတည်းဟူသောရှင်ဘုရင်ကိုကိုယ်မျက်စိနှင့်မြင်လေပြီတကားဟုဆို၏။ ထိုအခါကောင်းကင်တမန်သရပ်တပါးသည်ယဇ်ပလ္လင်ပေါ်ကမီးညှပ်ဖြင့်ယူသောမီးခဲတခဲကိုလက်နှင့်ကိုင်လျက်၊ ငါရှိရာသို့ပျံလာ၍၊ ငါ့နှုတ်ကိုတို့ပြီးလျှင်၊ ဤမီးခဲသည်သင်၏နှုတ်ခမ်းကိုတွေ့ပြီ။ သင်၏ဒုစရိုက်ကိုသုတ်သင်ပြီ။ သင်၏အပြစ်လည်းပြေရှင်းပြီဟုဆို၏။ တဖန်ထာဝရဘုရားကငါသည်အဘယ်သူကိုစေလွှတ်ရမည်နည်း။ ငါတို့အဘို့အဘယ်သူသွားမည်နည်း၊ ငါတို့အဘို့အဘယ်သူသွားမည်နည်းဟုမေးတော်မူသံကို ငါကြားလျှင်၊ ငါကအကျွန်ုပ်ရှိပါ၏။ အကျွန်ုပ်ကိုစေလွှတ်တော်မူပါဟုလျှောက်လေ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## Responsorial Psalm  Psalms 138: 1-2, 2-3, 4-5, 7-8
## ဆာလံကျမ်း ၁၃၈

**သံပြိုင်။** ။ တပည့်တော်သည်ကိုယ်တော့်ကိုဘုရားများရှေ့တွင်ချီးမွမ်းထောမနာပြုပါ၏။

**၁။** ။ အိုထာဝရဘုရားတပည့်တော်သည်စိတ်နှလုံးအကြွင်းမဲ့ကိုယ်တော့်ကိုကျေးဇူးတင်ချီးမွမ်းပါ၏။ တပည့်တော်သည် ကိုယ်တော့်ကိုဘုရားများရှေ့တွင်ချီးမွမ်းထောမနာပြုပါ၏။ တပည့်တော်သည်ကိုယ်တော်၏မွန်မြတ်သန့်ရှင်းသောဗိမာန် တော်ကိုမျက်နှာမူလျက်ရှိသေဦးညွှတ်ပါ၏။ **(သံပြိုင်)**

**၂။** ။ တပည့်တော်သည်ကိုယ်တော်၏တည်မြဲသောကရုဏာတော်နှင့်သစ္စာတော်တို့အတွက်နာမတော်ကိုကျေးဇူးတင်ချီး မွမ်းပါ၏။ အကြောင်းမူကား၊ ကိုယ်တော်သည်နာမတော်နှင့်ကတိတော်ကိုအရာခပ်သိမ်းတို့ထက်ချီးမြှောက်တော်မူပြီ။ တ ပည့်တော်ခေါ်တသောနေ့၌ကိုယ်တော်သည်တပည့်တော်ကိုနားညောင်းတော်မူ၏။ ကိုယ်တော်သည်တပည့်တော်၏စိတ် ဝိညာဉ်ကိုခွန်အားတိုးပွားစေတော်မူ၏။ တပည့်တော်သည်ကိုယ်တော်၏တည်မြဲသောကရုဏာတော်နှင့်သစ္စာတော်တို့အ တွက်နာမတော်ကိုကျေးဇူးတင်ချီးမွမ်းပါ၏။ အကြောင်းမူကား၊ကိုယ်တော်သည်နာမတော်နှင့်ကတိတော်ကိုအရာခပ်သိမ်း တို့ထက်ချီးမြှောက်တော်မူပြီ။ **(သံပြိုင်)**

**၃။** ။ အိုထာဝရဘုရားကမ္ဘာပေါ်ရှိဘုရင်အပေါင်းတို့သည်ကိုယ်တော်၏ရွှေနှုတ်တော်ထွက်စကားတို့ကိုကြားနာကြရသော ကြောင့်ကိုယ်တော်ကိုချီးမွမ်းထောမနာပြုကြပါလိမ့်မည်။ သူတို့သည်ကိုယ်တော်၏လမ်းစဉ်များ၌သီချင်းဆိုချီးမွမ်းကြပါ လိမ့်မည်။ **(သံပြိုင်)**

**၄။** ။ တပည့်တော်သည်ဘေးဒုက္ခများအလယ်၌လျှောက်လှမ်းနေရသော်လည်းကိုယ်တော်သည်တပည့်တော်၏အသက် ကိုကာကွယ်စောင့်ရှောက်တော်မူ၏။ ကိုယ်တော်သည်မိမိလက်တော်ကိုဆန့်၍တပည့်တော်ကိုဆန့်ကျင်သောရန်သူတို့၏ အမျက်ဒေါသကိုဟန့်တားတော်မူ၏။ ကိုယ်တော်သည်တပည့်တော်အတွက်မိမိ၏စီမံကိန်းတော်ကိုပြီးမြောက်ပြည့်စုံစေ တော်မူ၏။ အိုထာဝရဘုရား၊ကိုယ်တော်၏ကရုဏာမေတ္တာတော်သည်အစဉ်တည်မြဲတော်မူပါ၏။ ကိုယ်တော်၏လက် တော်ဖြင့်ပြုတော်မူသောအမှုတော်ကိုစွန့်ပစ်တော်မမူပါနှင့်။ **(သံပြိုင်)**

## 2nd READING: *1 Cor 15:1-11*

ကော်ရင့်သုဩဝါဒပထမစာစောင် ၁၅း၁–၁၁

ညီအစ်ကိုတို့၊ သင်တို့အားငါဟောပြောခဲ့သောသတင်းကောင်းကိုပြန်လည်၍သတိရစေလိုပါ၏။ ထိုသတင်းကောင်းကို သင်တို့သည်လက်ခံကြိုဆိုကြလျက်၊ ဆက်လက်အသက်ရှင်နေထိုင်ကြပေ၏။ သင်တို့သည်ထိုသတင်းကောင်းကိုစွဲမြဲစွာယုံကြည်လက်ခံလျှင်ကယ်တင်ခြင်းခံရကြလိမ့်မည်။ သို့မဟုတ်လျှင်သင်ယုံကြည်ခဲ့ခြင်းသည်အကျိုးမဲ့ဖြစ်လိမ့်မည်။ ငါသည်မိမိခံယူရရှိ၍သင်တို့အားလက်ဆင့်ကမ်းပေးသည့်အရေးကြီးဆုံးသောအရာမှာကျမ်းစာ၌ရေးထားသည့်အတိုင်း ခရစ်တော်သည်ငါတို့၏အပြစ်များအတွက်အသေခံတော်မူကြောင်း၊ ကိုယ်တော်သည်သင်္ဂြိုလ်ခြင်းကိုခံတော်မူပြီးကျမ်းစာ၌ရေးထားသည့်အတိုင်းသုံးရက်မြောက်သောနေ့၌သေခြင်းမှရှင်ပြန်ထမြောက်တော်မူကြောင်း။ ထို့နောက်ကိုယ်တော်သည်ပေတရုနှင့်တမန်တော်ကြီးတစ်ဆယ့်နှစ်ပါးတို့အားမိမိကိုယ်ကိုထင်ရှားပြတော်မူကြောင်းဆိုသည့်အချက်ပင်ဖြစ်၏။ ထို့နောက်ကိုယ်တော်သည်မိမိနောက်လိုက်တပည့်ငါးရာကျော်တို့အားတပြိုင်တည်းထင်ရှားပြတော်မူ၏။ ထိုသူတို့အထဲမှအချို့တို့သည်သေလွန်ကြပြီဖြစ်သော်လည်းအများစုတို့သည်ယနေ့တိုင်အောင်အသက်ရှင်လျက်ရှိကြသေး၏။ ထိုနောက်ကိုယ်တော်သည်ယာကုပ်အားထင်ရှားပြတော်မူ၏။ ထိုနောက်တမန်တော်အားလုံးတို့အားထင်ရှားပြတော်မူ၏။ နောက်ဆုံး၌လမစေ့ဘဲဖွားသောသူငယ်ကဲ့သို့ဖြစ်သောငါ့အားကိုယ်တော်သည်ထင်ရှားပြတော်မူခဲ့၏။ ငါသည်တမန်တော်တို့တွင်အညံ့ဆုံးဖြစ်၏။ ဘုရားသခင်၏အသင်းတော်ကိုနှိပ်ကွပ်ညှင်းဆဲခဲ့သူဖြစ်သောကြောင့်တမန်တော်ဟူ၍ပင်မခေါ်ထိုက်ပေ။ သို့ရာတွင်ဘုရားသခင်၏ကျေးဇူးတော်အားဖြင့်ယခုငါဖြစ်သည့်အတိုင်းဖြစ်၏။ ငါ့အားဘုရားသခင်ပေးသနားတော်မူသောကျေးဇူးတော်သည်အကျိုးမဲ့မဖြစ်ခဲ့သည့်အပြင်ငါသည်အခြားသောတမန်တော်တို့ထက်ပို၍ကြိုးပန်းလုပ်ဆောင်၏။ ဤသို့လုပ်ဆောင်နိုင်ခြင်းမှာငါမဟုတ်၊ ငါနှင့်အတူရှိတော်မူသောဘုရားသခင်၏ကျေးဇူးတော်ဖြစ်၏။ သို့ဖြစ်၍ငါထံမှဖြစ်စေ၊ သူတို့ထံမှဖြစ်စေ၊ လာသောဟောပြောချက်ကိုဤအတိုင်းပင်ငါတို့အားလုံးဟောပြောကြ၏။ ဤအတိုင်းပင်သင်တို့သည်ယုံကြည်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်း။

## GOSPEL: *Lk 5:1-11*

ရှင်လုကာဧဝံဂေလိကျမ်း ၅း ၁–၁၁

ကိုယ်တော်သည်ဂျေနာဇရက်အိုင်အနီးတွင်ရပ်နေတော်မူစဉ်လူအစုအဝေးတို့သည်ဘုရားသခင်နှုတ်ကပတ်တော်ကိုကြားနာစေခြင်းငှာအထံတော်သို့လာကြ၏။ ကိုယ်တော်သည်ကမ်းနားတွင်ဆိုက်ထားသောလှေနှစ်စင်းကိုမြင်တော်မူ၏။ တံငါသည်တို့သည်ကား၊ လှေများပေါ်မှဆင်းကြပြီးလျှင်ပိုက်ကွန်များကိုဆေးလျက်နေကြ၏။ လှေနှစ်စင်းရှိသည့်အနက်ကိုယ်တော်သည်စီမုန်၏လှေပေါ်သို့တက်တော်မူပြီးလျှင်လှေကိုကမ်းနားမှအနည်းငယ်ခွါစေပြီး၊ ထိုင်တော်မူလျက်လူအစုအဝေးတို့ကိုလှေပေါ်မှသွန်သင်တော်မူ၏။ ထိုသို့သွန်သင်တော်မူပြီးသောအခါ၊ ကိုယ်တော်ကရေနက်ရာသို့ ရွှေ့လော့။ ငါးကိုဖမ်းမိစေရန်သင်တို့ပိုက်ကွန်ကိုချကြလော့ဟုစီမုန်အားမိန့်တော်မူ၏။ စီမုန်ကလည်းဆရာသခင်၊ ကျွန်တော်တို့သည်တစ်ညလုံးကြိုးစားပါသော်လည်းငါးတစ်ကောင်ကိုမျှမရကြပါ။ သို့ရာတွင်အမိန့်တော်ရှိသည့်အတိုင်းပိုက်ကွန်ကိုကျွန်တော်တို့ချပါမည်ဟုပြန်၍ လျှောက်ကြ၏။ အမိန့်တော်အတိုင်းပြုကြသောအခါ၊ မြောက်များလှစွာသောငါးတို့ကိုဖမ်းမိသဖြင့်ပိုက်ကွန်များစုတ်ပြဲစပြုလေ၏။ သူတို့သည်အခြားသောလှေတစ်စင်းပေါ်မှာရှိသောလူများကိုမိမိတို့အားကူညီစေခြင်းငှာအချက်ပြ၍ခေါ်ကြ၏။ ထိုသူတို့သည်လည်းလာကြလှေနှစ်စင်းလုံး၌ငါးများဖြင့်ပြည့်စေသဖြင့်လှေနစ်လုမတတ်ရှိလေ၏။ စီမုန်ပေတရုသည်ထိုအချင်းအရာကိုမြင်လျှင်သခင်ယေဇူး၏ခြေတော်ရင်း၌ပျပ်ဝပ်လျှက်သခင်ဘုရားတပည့်တော်ထံမှကြွသွားတော်မူပါတပည့်တော်သည်အပြစ်ရှိသောသူဖြစ်ပါ၏ဟူ၍လျှောက်လေ၏။ ထိုအခါစီမုန်မှစ၍၊သူနှင့်အတူရှိသောသူအပေါင်းတို့သည်ဖမ်းမိသောငါးများကြောင့်အံ့အားသင့်လျက်ရှိကြ၏။ ထိုနည်းတူပင်ဇေဘေဒေဦး၏သားယာကုပ်နှင့်ယောဟန်တို့သည်လည်းအံ့သြခြင်းရှိကြ၏။ သခင်ယေဇူးကလည်းကြောက်ရွံ့ခြင်းမရှိနှင့်၊ ယခုမှစ၍သင်သည်လူတို့ကိုဖမ်းသောတံငါဖြစ်လိမ့်မည်ဟုစီမုန်အားမိန့်တော်မူ၏။ သူတို့သည်လှေများကိုကမ်းနားတွင်ဆိုက်ကပ်ထားပြီးနောက်၊ ရှိသမျှတို့ကိုစွန့်၍နောက်တော်သို့လိုက်ကြ၏။

ဤသည်ကားဘုရားသခင်၏နှုတ်ကပါဌ်တော်ပေတည်။